# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး

## စတုတ္ထနေ့ ကျင်းပ

## လွှတ်တော်အခွင့်အရေးကော်မတီ နှင့်  အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ နှစ်ရပ်ဖွဲ့စည်းမှု အတည်ပြု

နေပြည်တော် မတ် ၂၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ထံသို့ နိုင်ငံတကာမှ ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော် အခွင့်အရေး ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ နှစ်ရပ်ဖွဲ့စည်းမှုကို လွှတ်တော်၏ အတည်ပြုချက်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြ သည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်း အဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၇၀  တက်ရောက် သဖြင့် တက်ရောက် မှု ရာခိုင်နှုန်း ၉၉ ဒသမ ၂၀ ရှိသည့်အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ အတည်ပြု မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည် သူ့ကွန်ဂရက် ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ၊ ရုရှား ဖက်ဒရေးရှင်း

နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ၊ တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီးနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ တို့က ပေးပို့လာသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း၊ အတွင်းရေးမှူးအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ဌေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့ နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၊ အတွင်းရေးမှူးအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်

ငန်း တာဝန်များကို လွှတ်တော်အခွင့်အရေး ကော်မတီက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဥ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | တပ်ကုန်း မဲဆန္ဒနယ် | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | တောင်ငူ မဲဆန္ဒနယ် | ဒေါက်တာ ကျော်ဦး | အဖွဲ့ဝင် |
| ၃။ | ပုဗ္ဗသီရိ မဲဆန္ဒနယ် | ဦးလှဆွေ | အဖွဲ့ဝင် |
| ၄။ | မူဆယ် မဲဆန္ဒနယ် | ဦးအောင်ဇော်မိုး(ခ)<br>ဦးအောင်ဇော်မိုးထွန်း | အဖွဲ့ဝင် |
| ၅။ | ကော့မှူး မဲဆန္ဒနယ် | ဦးအောင်မျိုးသန်း | အဖွဲ့ဝင် |
| ၆။ | ဒိုက်ဦး မဲဆန္ဒနယ် | ဒေါ်သိင်္ဂီမြင့်ရည် | အဖွဲ့ဝင် |
| ၇။ | ဖျာပုံမဲဆန္ဒနယ် | ဒေါ်စိုးစိုးရီ | အဖွဲ့ဝင် |
| ၈။ | မင်းတုန်း မဲဆန္ဒနယ် | ဦးစိုးနိုင် | အဖွဲ့ဝင် |
| ၉။ | ဖာပွန် မဲဆန္ဒနယ် | ဦးစောဝင်းထိန် | အဖွဲ့ဝင် |
| ၁၀။ | ဝါးခယ်မ မဲဆန္ဒနယ် | ဦးသန်းနိုင် | အဖွဲ့ဝင် |
| ၁၁။ | မြို့သစ်မဲဆန္ဒနယ် | ဦးစိုးဝင်း | အဖွဲ့ဝင် |
| ၁၂။ | ခန္တီးမဲဆန္ဒနယ် | ဦးဂုဏ်ဝမ်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်ချုပ် ရဲကျော်သူ | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး<br>တင်သောင်းလင်း | အဖွဲ့ဝင် |
| ၁၅။ | ထားဝယ်မဲဆန္ဒနယ် | ဒေါက်တာ ကျော်ကျော်ဌေး | အတွင်းရေးမှူး |

# ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကျိုင်းတုံ မဲဆန္ဒနယ် | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ |
| ၂။ | ပဲခူး မဲဆန္ဒနယ် | ဦးမင်းခန့်ကျော် | အဖွဲ့ဝင် |
| ၃။ | ဖောင်းပြင် မဲဆန္ဒနယ် | ဦးခင်မောင်ထွန်း | အဖွဲ့ဝင် |
| ၄။ | ဘုတ်ပြင်း မဲဆန္ဒနယ် | ဦးအောင်လင်းလှိုင် | အဖွဲ့ဝင် |
| ၅။ | ကျွန်းစု မဲဆန္ဒနယ် | ဦးအောင်ကျော်နှင်း | အဖွဲ့ဝင် |
| ၆။ | ကလော မဲဆန္ဒနယ် | ဒေါက်တာ နန္ဒာလှမြင့် | အဖွဲ့ဝင် |
| ၇။ | တမူး မဲဆန္ဒနယ် | ဦးအောင်ကိုလတ် | အဖွဲ့ဝင် |
| ၈။ | တောင်သာ မဲဆန္ဒနယ် | ဦးတိုးဝင်း | အဖွဲ့ဝင် |
| ၉။ | ပေါင်းတည် မဲဆန္ဒနယ် | ဒေါ်ဆွေဆွေသင်း | အဖွဲ့ဝင် |
| ၁၀။ | မိုလ်တထောင် မဲဆန္ဒနယ် | ဦးဉာဏ်ဝင်းထိုက် | အဖွဲ့ဝင် |
| ၁၁။ | ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် | ဒေါ်စမ်းစမ်းဌေး | အဖွဲ့ဝင် |
| ၁၂။ | ကျောင်းကုန်း မဲဆန္ဒနယ် | ဒေါက်တာ ထိန်ဝင်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် အောင်စိုး | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး လှနိုင် | အဖွဲ့ဝင် |
| ၁၅။ | ပုသိမ် မဲဆန္ဒနယ် | ဦးသန်းထွန်း | အတွင်းရေးမှူး |